# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 28 , 2024 — Volume 75, Number 19


၂၈.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၃၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၂၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၃.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၂၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၄၈ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၂၅၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် ၂ သန်းခန့်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ခန့် ဝင်ငွေရရှိရန် ရည်မှန်းဆောင်ရွက်နေ



ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် ၂ သန်းခန့်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ခန့် ဝင်ငွေရရှိရန် ရည်မှန်းဆောင်ရွက်နေကြောင်း သိရသည်။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းကို မိုးစပါးစိုက်ပျိုးမှုမှရရှိပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် မိုးစပါးအထွက်နှုန်း ကောင်းမွန်ခဲ့သည်။ ပြည်တွင်းစားသုံးမှုနှင့်ပိုလျှံမှုကို တွက်ချက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆန်ကွဲ-ပေါင်းဆန်တန်ချိန် ၂ သန်းနီးပါး တင်ပို့ရန်လျာထားကြောင်း၊ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ဝင်ငွေရရှိအောင် ရည်မှန်း ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှုမှာ အဓိကဝယ်လက်က ဥရောပဈေးကွက်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားစသည့် နိုင်ငံတွေကိုလည်း ကောင်းမွန်သည့်ဈေးနှုန်း ရောင်းချနိုင်အောင် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

“စိုက်ပျိုးရာသီအစကတည်းက တောင်သူတွေ အားထည့်စိုက်ပျိုးတာဖြစ်လို့ မိုးစပါးစိုက်ဒေသတွေမှာ အထွက်နှုန်းကောင်းကောင်းရရှိခဲ့ပါတယ်။ ပျမ်းမျှအထွက်နှုန်း တင်း ၈၀ ဝန်းကျင်နှင့် တင်း ၁၀၀ ကျော်ထိ ထွက်ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံ၏ ဆန်စပါးဈေးကွက်ကတော့ ပြည်တွင်းအခြေအနေရယ်၊ နိုင်ငံတကာအခြေအနေတွေပေါ်မူတည်ပြီး

အပြောင်း အလဲရှိပါတယ်။ ပြည်တွင်းထုတ်လုပ်မှုနဲ့ စားသုံးမှုဖူလုံမှုကိုတွက်ချက်ပြီး ပိုလျှံတဲ့ပမာဏကို ပြည်ပတင်ပို့ရောင်းချနိုင်အောင် စီစဉ်နေပါတယ်။ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်မှာ ဆန်တန်ချိန် ၁ သန်းခွဲကနေ ၂ သန်းခန့် တင်ပို့နိုင်အောင် ရည်မှန်းထားပါတယ်။ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ခန့် ဝင်ငွေရရှိအောင် တင်ပို့နိုင်ဖို့ခန့်မှန်းပါတယ်”ဟု ၎င်းကပြောသည်။

ပြည်ပသို့ ဆန်တင်ပို့ရာတွင် တန်ချိန်များများ တင်ပို့တာထက် တန်ဖိုးမြင့်ပေါင်းဆန်တွေကိုသာ တင်ပို့သွားမည်ဖြစ်ပြီး ပေါင်းဆန်တစ်တန်လျှင် ဒေါ်လာ ၆၅၀-၇၀၀ ကြား၊ ဆန်ကွဲတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀-၅၀၀ ကြား ရရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## လာမည့်သရက်ရာသီတွင် စိန်တလုံးဈေးကွက် ပြည်တွင်းဈေးကွက်သို့သာ ဦးတည်

မန္တလေးတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းမှထွက်ရှိသည့် စိန်တလုံးဈေးကွက်မှာ ပြည်တွင်းဈေးကွက်တွင်သာ အားထားရောင်းချရမည်ဖြစ်ကြောင်း သရက်စိုက်တောင်သူများထံက သိရသည်။

လက်ရှိအချိန်တွင် တရုတ်နယ်စပ်သို့တင်ပို့နိုင်ရန် လမ်းပန်းဆက်သွယ်မှုအခက်အခဲများနှင့် သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်တာကြောင့် ပြည်တွင်းသရက်ခြံအများစုမှာ ကြိုတင်ပြင်ဆင်မှုများအားနည်းပြီး သွင်းအားစုထည့်သွင်းမှု၊ ခြံပြုပြင်မှုများကို အများစုမပြုလုပ်နိုင်ဘဲ ရပ်နားထားကြသည်။

သို့ဖြစ်၍ ထွက်ရှိလာမည့် သရက်သီးများမှာလည်း အရည်အသွေးကျဆင်းမှုများ၊ အထွက်နှုန်းကျဆင်းမှုများ ရှိလာနိုင်ကြောင်း၊ ပို့ကုန်အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက တစ်နှစ်ပတ်လုံး ခြံပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရပြီး ရာသီအလိုက် ရေသွင်းခြင်း၊ အပင်အာဟာရကျွေးခြင်းများကို အချိန်ကိုက်ဆောင်ရွက်မှသာ ပို့ကုန်အရည်အသွေးမီ သရက်သီးများ ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၃ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၁၆၇၀၅၉၀ ဒသမ ၆၄၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၀၃၉၁၅၈ ဒသမ ၇၈၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့သည်။

တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဖရဲသီး၊ မြေထောက်ပဲ၊ ဆန်ကွဲ၊ သီဟိုဠ်စေ့၊ မြေပဲဆံ၊ ကြက်သွန်နီ၊ ကြံ၊ သခွားမွေး၊ ငရုတ်သီး၊ ဖရုံသီး၊ ဖရဲသီးနှင့်ဆန်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၃၈,၃၇,၀၈၄ ဒသမ ၉၄၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၇၈,၃၃,၅၀၅ ဒသမ ၇၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ကုန်ထုတ်စက္ကူများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ သံပိုက်၊ ကားတာယာ၊ H-BEAM နှင့် ပန်းသီးများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁,၀၂,၄၀၆ ဒသမ ၄၈၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၉,၃၆,၇၅၂ ဒသမ ३၀၀ တင်သွင်းမှုရှိခဲ့သည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀ ဒသမ ၃၄၃ ယွမ်ရှိပြီး၊ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၁ ဒသမ ၅၄၀ ကျပ်ရှိကြောင်း သိရသည်။

Source: **ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ကံမမြို့နယ် ပဲတီစိမ်း၊ မတ်ပဲ ၊မြေပဲနှင့်ပဲကြီး ဈေးနှုန်းဈေးကွက်အခြေအနေ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ မြောက်ချောင်းဘက်ရှိ ကျေးရွာများဖြစ်သော ရေနံ့သာ၊ ဆိုကုန်း၊ ခြောက်ပင်၊ သံပရာ၊ ကျောက်ပတောင်း၊ ကျောက်ဆောင်း၊ ကျီးမီး၊ ရွာသာယာစသည့်ကျေးရွာများမှ ထွက်ရှိသည့်သီးနှံများအနက် ပဲကြီးမှာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (ပထမပတ်)တွင် စတင်ထွက်ပေါ်နေပြီဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (စတုတ္ထပတ်)တွင် ပဲတီစိမ်းသီးနှံမှာ (၃၀) ပိဿာဝင်တစ်အိတ်လျှင် ကျပ်(၉၇,၅၀၀–၁,၀၅,၀၀၀)ဖြင့် ယခင်ဖေဖော်ဝါရီလ (တတိယပတ်)ထက် ကျပ်(၆၀၀၀)အကျဈေးဖြင့် ပစ္စည်းလက်ကျန်မရှိသလောက် နည်းပါးသွားပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ ဆောင်းမတ်ပဲသီးနှံမှာ (၃၀)ပိဿာဝင် တစ်အိတ်လျှင် ကျပ်(၁,၄၆,၂၅၀) ဖြင့် ယခင်အပတ်ထက် ကျပ်(၃၇၅၀) အကျဈေးဖြင့် တစ်နေ့လျှင်အိတ်ရေ(၃၀ မှ ၅၀)ဝန်းကျင်ခန့် ဝင်ရောက်လျက်ရှိကြောင်း၊ ဆောင်းမြေပဲသီးနှံမှာ (၁)ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ကျပ် (၆၁၀၀ မှ ၆၂၀၀) ဈေးဖြင့် ယခင်အပတ်ထက် (၁၀၀ မှ ၂၀၀)အကျဈေးဖြင့် တစ်နေ့လျှင်ပိဿာ(၂၀၀ မှ ၃၀၀)အတွင်း ဝင်ရောက်လျက်ရှိကြောင်း၊ ပဲကြီးသီးနှံများလည်း ပေါ်ထွက်လျက်ရှိရာ (၃၀)ပိဿာဝင်တစ်အိတ်လျှင် ကျပ်(၁,၆၂,၀၀၀) ဈေးဖြင့် ယခင်အပတ်ထက် ကျပ်(၁၈,၀၀၀) အကျဈေးဖြင့် နေ့စဉ်အိတ်(၃၀)ဝန်းကျင်ခန့် ဝင်ရောက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ နေ့စဉ်တင်ပို့ရောင်းချလျက်ရှိပါကြောင်း ကုန်သည် ကိုထိုက်သူအောင်ထံမှ သိရသည်။

**Source: https://www.doca.gov.mm**

## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ဆက်လက်ကျဆင်း



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့်မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ဇန်နဝါရီလ (နောက်ဆုံးပတ်)တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် (၁၈,၀၀၀–၁၉,၀၀၀)များဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလ(တတိယပတ်)တွင် ငွေကျပ်(၆၀၀၀–၉၀၀၀) များဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလ (စတုတ္ထပတ်) တွင် ငွေကျပ် (၅၀၀၀–၇၀၀၀)များဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ ဆောင်းအကုန်နွေဦးရာသီတွင် ကွမ်းအထွက်နှုန်းတိုးပြီး ဈေးကွက်အတွင်း ဝင်ရောက်မှုများကာ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

Source: https://www.doca.gov.mm

## ကချင်ပြည်နယ်၏ မြန်မာ–တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၃ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဖရဲသီး၊ မြေထောက်ပဲ၊ ဆန်ကွဲ၊ သီဟိုဠ်စေ့၊ မြေပဲဆန်၊ ကြက်သွန်နီ၊ ကြံ၊ သခွားမွှေး၊ ငရုတ်သီး၊ ဖရုံသီး၊ ဖရဲသီးနှင့် ဆန်များတင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၁၁၆,၇၀,၅၉၀ ဒသမ ၆၄၀ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆

ရက်နေ့ ထိ တင်ပို့ကုန်၏ငွေပမာဏ ၈၂,၂၆,၀၀၄ ဒသမ ၈၉၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၄,၄၄,၅၈၅ ဒသမ ၇၅၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍တင်ပို့မှုရှိခဲ့သည်ကို တွေ့ရသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၃ ရက်နေ့အတွင်း ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ကုန်ထုတ်စက္ကူများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ၊ သံပိုက်၊ ကားတာယာ၊ H-BEAM နှင့် ပန်းသီးများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၁၀,၃၉,၁၅၈ ဒသမ ၇၈၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ တန်ဖိုး ၈,၄၆,၇၂၄ ဒသမ ၁၃၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁,၉၂,၄၃၄ ဒသမ ၆၅၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍တင်သွင်းခဲ့သည်ကို တွေ့ရသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၀၆,၃၁,၄၃၁ ဒသမ ၉၀၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၁ ဒသမ ၅၄၀ ကျပ်ရှိကြောင်း သိရှိရပါသည်။

Source: **ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ၆၉ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပပြီးစီး

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (Department of International Trade Promotion (DITP)) မှ ကြီးမှူး၍ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ the Queen Sirikit National Convention Center (QSNCC) တွင် ၆၉ ကြိမ်မြောက် ဗန်ကောက်လက်ဝတ်ရတနာပြပွဲ (၂၀၂၄) ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ကုန်စည်ပြပွဲ၏ ပထမ (၃) ရက်ဖြစ်သည့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိတွင် ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုန်သွယ်ရေး ကိုယ်စားလှယ်များ (Trade Missions) ကို ဝင်ရောက်ခွင့်ပြုပြီး ဖေဖော်ဝါရီလ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့များတွင် အများပြည်သူများအား လာရောက်ကြည့်ရှုရန် ခွင့်ပြုထားကြောင်း သိရသည်။

မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျောက်မျက်ကုမ္ပဏီ (၅) ခုမှ ပါဝင်ပြသခဲ့ပြီး နိုင်ငံတကာရှိ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာကုမ္ပဏီများမှ ပါဝင်ပြသခဲ့ရာ ပြခန်းပေါင်း ၂၅၀၀ ကျော်ရှိကြောင်း၊ ကျောက်မျက်ရတနာအမျိုးမျိုးနှင့် လက်ဝတ်ရတနာများအပြင် ကျောက်မျက်ရတနာစစ်ဆေးသည့် စက်ပစ္စည်းများနှင့် အရည်အသွေးစစ်ဆေးနိုင်စက်များ ပါဝင်ပြသခဲ့ကြောင်း၊ ၇၀ ကြိမ်မြောက် ဗန်ကောက်လက်ဝတ်ရတနာပြပွဲအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။

Source: **စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

## ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးမြှင့်နိုင်ရေး အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကတိပြုပြောကြား

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ တရုတ်နိုင်ငံ၊ ဟီနန်ပြည်နယ်သို့ သွားရောက်သည့်ခရီးစဉ်တွင် တရုတ်အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံခြင်းနှင့် အာရပ်စော်ဘွားများပြည်ထောင်စုနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးမြှင့်နိုင်ရေး အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ကတိပြုပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်က ထိုင်းနိုင်ငံ၏ ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၂၈၅ ဘီလီယံသို့ ကျဆင်းခဲ့ပြီး ယခုနှစ် ပထမ ၃ လပတ်အတွင်း ပို့ကုန်တိုးတက်မှုနှုန်းကို ၁ ဒသမ ၉၉ ရာခိုင်နှုန်းသို့ရောက်ရှိရန် မျှော်လင့်ထားပါကြောင်း၊ ဟီနန်ပြည်နယ်ခရီးစဉ်သည် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ဖြစ်ကြောင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အဘူဒါဘီတွင် ကျင်းပ

ပြုလုပ်မည့် ၁၃ ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ကြီးများအဆင့် ညီလာခံသို့ ပါဝင်တက်ရောက်ပြီးနောက် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် FTA အပေါ် UAE နှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များ၊ မော်တော်ယာဉ်များ၊ လျှပ်စစ်ပစ္စည်းများ၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာများ အတွက် ပို့ကုန်ဈေးကွက်သစ်ဖန်တီးရန် ရည်ရွယ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံနှင့် UAE နိုင်ငံတို့အကြား FTA တည်ထောင်ခြင်းဖြင့် ဈေးကွက်ရရှိမှု၊ လွယ်ကူချောမွေ့မှု၊ ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများ ဖြေလျှော့ပေးမှုတို့ကြောင့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု တိုးတက်လာနိုင်ပြီး ထိုင်းပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၉၈ သန်းမှ ၂၄၃ သန်းအကြား တိုးတက်နိုင်ကြောင်း၊ အစားအသောက်၊ အဝတ်အထည်၊ သစ်၊ ရော်ဘာ၊ ပလတ်စတစ်၊ လျှပ်စစ်၊ မော်တော်ကားစသည့် ကဏ္ဍများအပြင် ပို့ဆောင်ရေး၊ ဘဏ္ဍာရေးစသည့် ဝန်ဆောင်မှုကဏ္ဍများလည်း အကျိုးရှိစေနိုင်ကြောင်း လေ့လာထားချက်တွင် ဖော်ပြထားပါသည်။

UAE သည် ထိုင်းနိုင်ငံ၏ ကမ္ဘာ့အဆင့် ၆ ရှိသော ကုန်သွယ်ရေးမိတ်ဖက် နိုင်ငံကြီးဖြစ်ပြီး အရှေ့အလယ်ပိုင်းတွင် အဆင့် ၁ ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၅ ဘီလီယံဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံသည် နိုင်ငံ၏စီးပွားရေးတိုးတက်ရာတွင် အရေးပါသည့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်ရေးအတွက် အလားအလာရှိသော ကမ္ဘာ့ဒေသအသီးသီး ဝင်ပေါက်နိုင်ငံများနှင့် FTA ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်ရသည်။

**Source: www.bangkokpost.gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (28.2.2024)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data


As of 27th Feb. 2024

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,571 (Shares) | 12,438,050 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 409 | 3,435,600 | 33,109,694 | 278,121 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 569 | 1,626,700 | 38,929,150 | 110,948 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 2 | 15,200 | 10,400,986 | 79,048 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,500 | 1,550 | 1,500 | 19 | 28,750 | 29,664,613 | 45,980 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 1,600 | -100 | -5.88% | 1,700 | 1,700 | 1,600 | 4,570 | 7,328,300 | 19,977,223 | 31,964 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 2 | 3,500 | 23,804,946 | 41,659 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 27th Feb. 2024

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 354.96 | -0.68 | -0.19% | 355.64 | 356.27 | 354.18 | 5,571 | 12,438,050 | 8 | 669,526 |

Index chart

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 28th Feb, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,531 (Shares) | 4,715,800 (MMK) |

| MYANPIX | 357.42 ▲ 2.46 |
|---|---|
| Total Volume (shares) | 1,531 |
| Total Value (MMK) | 5 mil |
| Listed Company | 8 |
| Market Cap. (MMK) | 674,152 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 100 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 50 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR